ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (30-12-2008) (၅၉၀၈)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လှိုင်းဘုန်းစံပြကျေးရွာ လူနေအိမ်အသစ်များ၌ အိမ်ထောင်စုအလိုက် စိုက်ပျိုးထားသည့် မီးဖိုချောင်သီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



# လွတ်လပ်သော နိုင်ငံသားများအဖြစ် တင့်တင့်တယ်တယ် ရပ်တည်

မြန်မာတို့သည် ဇာတိမာန် တက်ကြွပြင်းထန်သူများ ဖြစ်ကြသည့်အပြင် လွတ်လပ်သော နိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိရှိကြသော လူမျိုးဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-





## ဧရာဝတီတိုင်း၏ ကြွယ်ဝသော သဘာဝအရင်းအမြစ်များကို ဖော်ထုတ်၍ အပြည့်အဝအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ကြိုးစား

# နိုင်ငံတော်အပိုင်းက ဤဒေသအတွက် အရေးပါသော စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပံ့ပိုးကူညီသင့်သည်များကို ကူညီထောက်ပံ့သွားမှာဖြစ်

## မြို့နှင့် ကျေးရွာများကိုလည်း မြို့အင်္ဂါရပ်၊ ကျေးရွာအင်္ဂါရပ်များနှင့်အညီ စနစ်တကျ ခေတ်မီဖွံ့ဖြိုးစည်ပင်လာအောင် ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ဆက်လက်သွားရောက်၍ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာ လူနေအိမ်များကို တွေ့ရစဉ်။**
(သတင်းစဉ်)



ကြေးမုံ The Mirror
၃၀-၁၂-၂၀၀၈
(အင်္ဂါနေ့)

# ဘိုးဘွားအမွေအနှစ် လွတ်လပ်သော နိုင်ငံတော် ထာဝရတည်တံ့ခိုင်မြဲရေး ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးဘိုးဘွားတို့ အစဉ်အဆက်က ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။

၁၉ရာစု နှောင်းပိုင်းတွင် ကျူးကျော်သူ နယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားသိမ်းပိုက်ခဲ့မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသော ရဟန်းရှင်လူ၊ တိုင်းရင်းသားပြည်သူအပေါင်းတို့က နိုင်ငံချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ဖြင့် တွန်းလှန်တိုက်ပွဲဝင်ခဲ့ရာ လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ယင်းသို့ တိုင်းရင်းသား ပြည်သူများ အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီး၍ စွန့်လွှတ်စွန့်စား ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေး သက်တမ်းသည် (၆၁)နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။

မြန်မာတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့် မျိုးရိုးဗီဇရှိသူများဖြစ်သည်။ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စရိုက် အစဉ်အလာများကို တန်ဖိုးထား ထိန်းသိမ်းကြသူများဖြစ်သည်။ ဇာတိသွေး ဇာတိမာန် ထက်သန်သူများပီပီ အမျိုးသားရေးဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်ရှိသူများလည်းဖြစ်သည်။

ယင်းသို့ အစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းများရှိသည့် ဘိုးဘွားများ အစဉ်အဆက် တည်ဆောက် ထိန်းသိမ်းလာခဲ့သည့် လွတ်လပ်သော မြန်မာနိုင်ငံကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆက်လက်ကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေး အတွက် တိုင်းရင်းသားများအားလုံး လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ပါဝင်ကြိုးပမ်းမှုဖြင့် တည်ဆောက်နေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်ရင်း ဘိုးဘွားအမွေအနှစ်ဖြစ်သည့် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲနေစေရေး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက် သွားကြရမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၉

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဒါးပိန်တောင်ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးကာ အဖွင့်အမှာစကားပြောကြားသည်။**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများထံ အလှူရှင်များက ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများပေးအပ်၍ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သခွပ်ပင် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒါးပိန်တောင်-သခွပ်ပင် ကျေးရွာချင်းဆက် ဂဝံလမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ အချက်အလက်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ နွေစပါး ရေရရှိရေးနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာ လယ်သမားကြီး ဦးအောင်ဖော်၏ နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကော့မှူးမြို့နယ်တောင်ပိုင်း မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကော့မှူးမြို့နယ်တောင်ပိုင်းရှိ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆိပ်ကမ်းနှင့် လေကြောင်း၊ ဆည်မြောင်း၊ ရေကြောင်းစီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး Hon Mr. Camal Jayantha Rajapaksa တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** သီရိလင်္ကာဝန်ကြီးက ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် ဖွင့်လှစ်သော မူလတန်းကျောင်းသည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ တစ်ထပ် အုတ်ညှပ်သွပ်မိုးကျောင်းဆောင် နှစ်ဆောင်ဖြစ်ပြီး ကုန်ကျစရိတ်စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပါကစ္စတန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ မိန်းကလေးနှစ်ဦးသေဆုံး

**ကွတ်တာ ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၆ ရက်က ပါကစ္စတန်နိုင်ငံ ဘလူးချီစတန်ပြည်နယ် အနောက်တောင်ပိုင်းမှဝေးလံခေါင်ဖျားကျေးရွာတစ်ရွာရှိနေအိမ်၌ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ မိန်းကလေးနှစ်ဦး သေဆုံးခဲ့ရကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။

အမည်မသိ တိုက်ခိုက်ရေးသမားများက အဆိုပါ မိန်းကလေးနှစ်ဦး၏ ဆွေမျိုးသားချင်း ယောက်ျားလေးတစ်ဦးကို ပစ်မှတ်ထား၍ ၎င်းတို့၏ နက်ဆီရာဘက်ခရိုင်ကင်းန်ဒါကျေးရွာရှိ အုတ်များဖြင့် ဆောက်ထားသော အိမ်၌ ဗုံးထောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ် မိုဟာမက်အလီခိုဆိုက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ မိန်းကလေးနှစ်ဦးမှာ အသက် ခြောက်နှစ်နှင့် ရှစ်နှစ် အသီးသီးရှိကြောင်း အိမ်နံရံတစ်ခုလည်း ပျက်စီးသွားကြောင်း၊ဖြစ်ပျက်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့မှ ဖြည့်စွက်ပြောကြားသည်။သဘာဝဓာတ်ငွေ့ဖြင့် ချမ်းသာသော ဘလူးချီစတန်တွင် ၂၀၀၄ ခုနှစ်ကတည်းက အကြမ်းဖက်မှုများကြောင့် လူ ၁၀၀ ခန့် သေဆုံးခဲ့ရသည်။ အကြမ်းဖက်သမားများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးနှင့်ထိုဒေသမှ ထွက်ရှိသော သဘာဝက ပေးသည့် သယံဇာတအရင်းအမြစ်များကို ခွဲဝေခံစားခွင့် ရရန် တောင်းဆိုကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

***အင်တာနက်။***

**ပါကစ္စတန်နိုင်ငံ အနောက်မြောက်နယ်စပ်ဒေသ ပြည်နယ်ရှိ ဗန်နာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသောနေရာကို ဒီဇင်ဘာ ၂၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## ကြေးမုံ နိုင်ငံတကာ သတင်းများ

# ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးကွဲ ၂၈ ဦးသေ၊ ၅၅ ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စနေနေ့က ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် ၂၈ ဦးသေဆုံးပြီး ၅၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း ရှီးယိုက်တို့၏ ကာဒီမီယာခရိုင်ရှိ ဘတ်စ်ကားနှင့် အငှားယာဉ်များ စခန်းတွင် ပထမအကြိမ် ဗုံးပေါက်ကွဲရာ ကလေးများနှင့် အမျိုးသမီးများအပါအဝင် သေဆုံးသူ ၂၅ ဦးနှင့် ဒဏ်ရာရသူ ၄၅ ဦး ရှိသည်။

ဒုတိယပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း မြို့စွန်ရပ်ကွက်ဂျပ်အယ်လ်ဆာဂါတွင် အီရတ်တပ်ဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာ ကင်းလှည့်လုံခြုံရေးများက လမ်းဘေးဗုံးကို စနက်တံဖြုတ်ရန် ကြိုးစားကြစဉ် ပေါက်ကွဲခဲ့သည်။ ရဲတပ်ဖွဲ့မှရသော သတင်းအရ တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဒေသဆိုင်ရာ ကင်းလှည့်တပ်ဖွဲ့ဝင်နှစ်ဦးတို့ ထိုဗုံးပေါက်ကွဲရာ၌ သေဆုံးသွားပြီး အီရတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် အစောင့်ငါးဦးဒဏ်ရာရရှိကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အာဖဂန်တွင် အမေရိကန်တိုက်ခိုက် စစ်သွေးကြွ ငါးဦးသေဆုံး ခြောက်ဦး ဖမ်းမိ

**ကဘူး ဒီဇင်ဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ ပတ်တီကာပြည်နယ်နှင့် ကဘူးပြည်နယ်များရှိ တာလီဘန်တပ်ဖွဲ့ဝင်များနှင့်ဟက်ကွာနီတပ်မှူးတစ်ဦးတို့အားပစ်မှတ်ထားကာ အမေရိကန်ဦးဆောင်သောနိုင်ငံစုံတပ်ဖွဲ့က ဒီဇင်ဘာ ၂၇ရက်တွင် စစ်ဆင်ရေးဆင်နွှဲရာစစ်သွေးကြွ ငါးဦးသေဆုံးပြီး ခြောက်ဦးဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ကဘူးမြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာရှိ ဆိုရူဘီဒေသတွင် တာလီဘန်စစ်သွေးကြွများကို ပစ်မှတ်ထားကာ စစ်ဆင်ရေးဆင်နွှဲခဲ့ရာတွင်စစ်သွေးကြွလေးဦးသေဆုံးသည်ဟုဆိုသည်။ ပက်တီကာပြည်နယ်တွင် ဟက်ကွာနီတပ်မှူးတစ်ဦးကို ပစ်မှတ်ထား၍ နိုင်ငံစုံတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲခဲ့ရာ စစ်သွေးကြွတစ်ဦးသေဆုံးပြီး သံသယရှိသူ ခြောက်ဦးဖမ်းမိခဲ့သည်။

***အင်တာနက်။***

# အမြဲကြီဆနည်းလမ်းရှာ၍ မြေသယံဇာတကို အပြည့်အဝအသုံးချရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးတို့ကို ဖော်ဆောင်လုပ်ကိုင်သွားကြရန် လိုအပ်





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှိုင်းဘုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

**✳ ရွှေဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှထွက်ခွာလာရာ နံနက်၁၀နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးကုမ္ပဏီနှင့်အော်ရီဂျင်နယ်ဂရု(ပ်)တို့က ကျေးလက်လူနေအိမ်များ တည်ဆောက်မှု အခြေအနေ၊ စံပြကျေးရွာများဖြစ်သော လှိုင်းဘုန်း၊ ငွေစင်ရော်၊ ဓနိချောင်း၊ ကြက်လျှာ၊ လှိုင်းဘုန်းလေး၊ ကျားဟုန်းကျေးရွာများ၌ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အပါအဝင် အလှူရှင်များက လှူဒါန်းသော ကျေးလက်အိမ်ရာများဆောက်လုပ်ပြီးစီးမှုများ၊ မြို့တွင်းမြေသားလမ်း၊ ကျောက်ချောလမ်းနှင့် တံတားများ ပြုပြင်တိုးချဲ့တည်ဆောက်ပေးမှု၊ မြို့ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှု၊ မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးစီးမှု၊ နွေစပါးကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးရန် စီမံထားရှိမှု၊လေဘေးသင့်ကျေးရွာအုပ်စုများအား ပြည်တွင်းပြည်ပအလှူရှင်များက ထောက်ပံ့လှူဒါန်းမှု၊ စက်မှုလယ်ယာဦးစီးဌာန၊ IDE (M)၊ UNDP နှင့် ICDP တို့မှ လက်တွန်းထွန်စက်များထောက်ပံ့ရရှိဖြန့်ဖြူးမှု၊ ကျွဲ၊ ဝက်၊ ဘဲနှင့် ကြက် ဖြန့်ဝေထောက်ပံ့မှု၊ ရေလုပ်ငန်းများအတွက် ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များဖြန့်ဝေပေးမှု စသည့် မြို့နယ်အတွင်း ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသခံပြည်သူများက နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၃ မိုင် ငါးဖာလုံ၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ၅၂ မိုင်၊ လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း ၃၅ မိုင် နှစ်ဖာလုံ၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ၃၉မိုင်၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၇ မိုင် ငါးဖာလုံတို့ကို လမ်းတစ်ခုချင်းအလိုက် ဖောက်လုပ်လျက်ရှိသည့်အခြေအနေ၊ မိုးမကျမီအချိန်အတွင်း မြေသားလမ်းများအဖြစ် အပြီးတည်ဆောက်သွားမည့်အစီအမံနှင့် တည်ဆောက်သွားရမည့် တံတားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။




**မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို တွေ့ရစဉ်။** (သတင်းစဉ်)

တိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ ပြန်လည်ပြုပြင်ထူထောင်ထားမှုအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မော်လမြိုင်ကျွန်းမြို့နယ်ခန်းမ၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ် လေမုန်တိုင်းဒဏ်ခံခဲ့ရမှု၊ ကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြရာ၌ မြို့နယ်၏ အကျယ်အဝန်းနှင့် မြေအသုံးချနိုင်မှု အခြေအနေ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ ဆေးရုံနှင့်စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေ၊ အေဝမ်းကုမ္ပဏီ၊ တီဇက်တီအမ်

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစိန်မောင်က မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေါင်းကူးပေးမည့် ရာဇူဒိုင်တံတားနှင့် မြင်းကကုန်းတံတားတို့ တည်ဆောက်မည့်ပုံစံများနှင့်ရေလွတ်လမ်းအမြင့်ပေထားရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တံတားများတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သော လမ်းညွှန်မှုများပေးပြီး မော်လမြိုင်ကျွန်းမြို့သို့ ပေါင်းကူးဆက်စပ်မည့် မြစ်ကူးတံတားများကို အစီအမံအတိုင်း ဆက်လက်တည်ဆောက်သွားရန် မိန့်ကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်မှာကြားလမ်းညွှန်ရာ၌ ဧရာဝတီတိုင်း၏ ပေါကြွယ်ဝသော သဘာဝအရင်းအမြစ်များကို ဖော်ထုတ်၍ အပြည့်အဝအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တစ်ချိန်တစ်ခါက မြစ်ချောင်းပေါများသော ဧရာဝတီတိုင်းအတွင်း၌ ကားလမ်းဖောက်၍ တံတားများဆောက်လုပ်ရန်ကိစ္စမှာ လက်တွေ့မဖြစ်နိုင်ဘဲ စိတ်ကူးယဉ်၍သာရသည့်ကိစ္စဟု ပြောဆိုခဲ့ကြသော်လည်း ယနေ့ မိမိတို့တွန်းတွန်းတိုက်တိုက် အားထုတ်ကြိုးပမ်းခဲ့သဖြင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများနှင့် ကားလမ်းများပေါ်ထွက်လာခဲ့ပြီး သွားရေးလာရေးသာမက ကုန်သန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ပါ ဘက်စုံတိုးတက်လာလျက်ရှိကြောင်း။

ထို့ကြောင့် အမြဲတီထွင်ကြံဆနည်းလမ်းရှာ၍ မြေသယံဇာတကို အပြည့်အဝအသုံးချရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးတို့ကို ဖော်ဆောင်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဤဒေသအတွက် အရေးပါသော စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပံ့ပိုးကူညီထောက်ပံ့သင့်သည်များကို ကူညီထောက်ပံ့သွားမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုး **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**

**တစ်ချိန်တစ်ခါက မြစ်ချောင်းပေါများသော ဧရာဝတီတိုင်းအတွင်း၌ ကားလမ်းဖောက်၍ တံတားများဆောက်လုပ်ရန်ကိစ္စမှာ လက်တွေ့မဖြစ်နိုင်ဘဲ စိတ်ကူးယဉ်၍သာ ရသည့်ကိစ္စဟု ပြောဆိုခဲ့ကြသော်လည်း ယနေ့ မိမိတို့ တွန်းတွန်းတိုက်တိုက် အားထုတ်ကြိုးပမ်းခဲ့သဖြင့် မြစ်ကူး၊ ချောင်းကူး တံတားကြီးများနှင့် ကားလမ်းများ ပေါ်ထွက်လာခဲ့ပြီး သွားရေးလာရေးသာမက ကုန်သန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့ပါ ဘက်စုံတိုးတက်လာ။**



**မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာရှိ လူနေအိမ်များကို တွေ့ရစဉ်။** (သတင်းစဉ်)

**ကျေးလက်ဒေသများ၌ သက်ရှည်ကျန်းမာအောင်၊ အာဟာရဓာတ်ပြည့်ဝအောင် နေနည်း၊ ထိုင်နည်း၊ စားသောက်နည်း၊ ချက်ပြုတ်နည်းမှအစ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရှေးဦးသူနာပြုစုနည်း၊ မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးနည်း၊ အိမ်တွင်းလက်မှုအတတ်ပညာ စသည်တို့ကို နားလည်သိရှိပြန့်ပွားလာအောင် နယ်လှည့်အဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ရက်တိုသင်တန်းများပေးရန်လိုအပ်။**

❍ **စာမျက်နှာ ၃ မှ**

တိုးတက်အောင် ကြိုးစားလုပ်ဆောင်သကဲ့သို့ မြို့နှင့်ကျေးရွာများကိုလည်း မြို့အင်္ဂါရပ်၊ ကျေးရွာအင်္ဂါရပ်များနှင့်အညီ စနစ်တကျ ခေတ်မီဖွံ့ဖြိုးစည်ပင်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်ဒေသများ၌ သက်ရှည်ကျန်းမာအောင်၊ အာဟာရဓာတ်ပြည့်ဝအောင်နေနည်း၊ ထိုင်နည်း၊ စားသောက်နည်း၊ ချက်ပြုတ်နည်းမှအစ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရှေးဦးသူနာပြုစုနည်း၊ မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးနည်း၊ အိမ်တွင်းလက်မှု အတတ်ပညာ စသည်တို့ကို နားလည်သိရှိပြန့်ပွားလာအောင် နယ်လှည့်အဖွဲ့များစနစ်တကျဖွဲ့စည်းပြီး ရက်တိုသင်တန်းများပေးရန် လိုအပ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသ ခေတ်မီဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာသို့ ထွက်ခွာခဲ့ကြပြီး လမ်းကြောင်းတစ်လျှောက်ရှိ ကျားဟုန်း၊ ငွေစင်ရော်၊ ဓနိချောင်း၊ ကြက်လျှာ၊ လှိုင်းဘုန်းလေး စံပြကျေးရွာများ၏ တည်ဆောက်ထားရှိမှုအခြေအနေ၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ဖောက်လုပ်လျက်ရှိသည့် အခြေအနေ၊ နွေစပါးနှင့် အခြားဆောင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ဒီရေတောနှင့်လေကာပင်တန်းများ တည်ရှိနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အကြီးအကဲ လှိုင်းဘုန်းစံပြကျေးရွာသို့ရောက်ရှိရာတွင် ဒေသခံများက ကြိုဆိုကြပြီး ဗိုလ်ချုပ်မှူးကြီးသည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှု၍ လူနေအိမ်အသစ်များ၌ နေထိုင်လျက်ရှိသော အိမ်ထောင်စုများကို အိမ်ထောင်စုအလိုက်စိုက်ပျိုးထားသည့်မီးဖိုချောင်သီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် စပ်လျဉ်း၍ မေးမြန်းအားပေးပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများအား ရင်းနှီးစွာ အားပေးနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် လှိုင်းဘုန်းစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး လမ်းကြောင်းတစ်လျှောက်ရှိ ပိုးလောင်းကျေးရွာ၊ သစ်ပုတ်ကျေးရွာ၊ သိပ္ပံကုန်းကြီးကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လမ်းများဖောက်လုပ်ထားမှုအခြေအနေ၊ သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေ၊ ဆားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လပ္ပတ္တာမြို့သို့ ရောက်ရှိကြရာ လပ္ပတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် လပ္ပတ္တာမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်၍ မြို့ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ လူနေအိမ်များ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**




**နေစွမ်းအင်သုံး စက်ရေတွင်း**

**လှိုင်းဘုန်း စံပြကျေးရွာရှိ နေရောင်ခြည်စွမ်းအင်သုံး လေးလက်မ စက်ရေတွင်းကို တွေ့ရစဉ်။** (သတင်းစဉ်)



**ငွေစင်ရော်**

**မော်လမြိုင်ကျွန်း မြို့နယ် ငွေစင်ရော်ကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။** (သတင်းစဉ်)



မော်လမြိုင်ကျွန်း မြို့နယ် ပိုးလောင်းကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

## အကွက်ချ တည်ဆောက်ထား

မော်လမြိုင်ကျွန်း မြို့နယ် သိပ္ပံကုန်းကြီးကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

☆ စာမျက်နှာ ၄ မှ

ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေ၊ ဧရာဝတီဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုနှင့် မြို့တွင်းလမ်းများ ပြုပြင်ဖောက်လုပ်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ရွှေးနဒီခန်းမသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာမြို့နယ် အကျယ်အဝန်းနှင့် မြေအသုံးချမှု၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများ၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးခဲ့မှုများ၊ Max Myanmar၊ ဝါဝါဝင်း၊ မြနန္ဒာ၊ Trust and Gain၊ မြန်မာ့အလှ၊ မြတ်နိုးသူ၊ ရောရွှေဝါအစရှိသော တည်ဆောက်ရေးကုမ္ပဏီ စုစုပေါင်း ၁၄ ခုတို့မှ တည်ဆောက်လျက်ရှိသော ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter)များ ဆောက်လုပ်ရန် စီမံထားမှု၊ ပြင်စလူမြို့နှင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီများက ပါဝင်ဆောင်ရွက် တည်ဆောက်နေမှု၊ လပွတ္တာမြို့ သာယာလှပရေးအတွက် စီမံဆောင်ရွက်ထားမှုများ၊ မြို့တိုးချဲ့ရေးအတွက် (၃)မိုင် စခန်းတွင် မြေကွက်များ ဖော်ထုတ်လျက်ရှိသည့် အခြေအနေနှင့် စက်မှုလယ်ယာဦးစီးဌာန၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●






**စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ကို မူလအနေအထားအတိုင်းသာမက ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်၊ ဒေသတွင်း စီးပွားရေးအခြေအနေ အမြဲတိုးတက်နေရန် လေ့လာဆောင်ရွက်နေကြရမည်ဖြစ်။**

## ယာယီ ဆေးခန်း

လှိုင်းဘုန်းစံပြကျေးရွာ ယာယီဆေးခန်းကို တွေ့ရစဉ်။
(သတင်းစဉ်)



မော်လမြိုင်ကျွန်း မြို့နယ် သစ်ပုတ်ကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

● စာမျက်နှာ ၅ မှ

UNDP၊ Max Myanmar၊ ရောရွှေ၀ါ၊ IDE၊ Marlin စသည့် အဖွဲ့အစည်း ကုမ္ပဏီများနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းထောက်ပံ့သော လက်တွန်းထွန်စက်များ ဖြန့်ဖြူးပြီးစီးမှုအခြေအနေ၊ မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဝေပေးမှု၊ ရေလုပ်ငန်း ပြန်လည်ထူထောင်ရန် ငါးဖမ်းလှေ၊ ငါးဖမ်းပိုက် ဖြန့်ဝေပေးမှု၊ ဆားလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေပြီးစီးမှု၊ အခြေခံပညာကျောင်းများ၊ ဆေးရုံဆေးခန်းများ ပြုပြင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက လပွတ္တာမြို့သည် ဖွံ့ဖြိုးလျက်ရှိသည့်အပြင် လူဦးရေပါ တိုးပွားလျက်ရှိသဖြင့် ရေရှည်မျှော်မှန်း၍ မြို့ကို တိုးချဲ့အကွက်ချပေးရန် စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ကို မူလအနေအထားအတိုင်းသာမက ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းစီးပွားရေးအခြေအနေ အမြဲတိုးတက်နေရန် လေ့လာဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီ မိနစ်၅၀ တွင် ရောက်ရှိကြသည်။ (သတင်းစဉ်)



မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



မော်လမြိုင်ကျွန်းမြို့နယ် ကွင်းကောက်ကျေးရွာ၌ လူနေအိမ်များ စနစ်တကျ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

# မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်းတွင် ဝတီးမြို့ဟောင်းတူးဖော်မှု သုတေသနလုပ်ငန်းမှ ပျူခေတ်နှင့် သံခေတ်ဆိုင်ရာ အထောက်အထားများ တွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

**ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ် ယဉ်ကျေးမှုများကို ဆက်စပ်ဖော်ထုတ်ရန် တူးဖော်သုတေသနပြုခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၈ ခုနှစ်အတွင်း ပျူမြို့ဟောင်းများဖြစ်သည့် ပင်လယ်(မိုင်းမော)၊ ဟန်လင်း၊ ဗိသနိုးနှင့် သရေခေတ္တရာ မြို့ဟောင်းတို့၌ တူးဖော်သုတေသနပြုမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။**

၂၀၀၈ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၅ရက်အထိ မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင် ဦးဆောင်ပြီး ဝတီးမြို့ဟောင်းတူးဖော်မှု သုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ တံခါးရွက်အတွက် အသုံးပြုဖွယ်ရှိသော သံဘရက်ကက်၊ အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ၊ အခြယ်အလှယ်မပါ အိုးခြမ်းကွဲများ၊ သံမယ်နများ၊ လက်စင်းရာပါ ပျူအုတ်ချပ်များ၊ မြေဆီမီးခွက်များ၊ ကြမ်းခင်းအတွက် အသုံးပြုသည့် သဲကျောက်ပြားများ၊ မြေထည်ပစ္စည်းများ၊ မြေအရိုးအိုးနှင့် မီးသွေးစများကို တွေ့ရှိရပြီး မြေထည်များမှာ အိုးထိန်းစက်ကို အသုံးပြု၍ပြုလုပ်သော အနီထည်အိုးများနှင့် ကြေးခေတ်တွင် အသုံးများသော ဆလင်ဒါပုံအိုးများဖြစ်ကြောင်း တွေ့ရှိရသည်။

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ယခုတူးဖော်မှုတွင် တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများအရ ဝတီးမြို့ဟောင်းသည် ဗိသနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ ပင်လယ်(မိုင်းမော) မြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းတို့နှင့် နှိုင်းယှဉ်လေ့လာကြည့်ပါက ယင်းမြို့ဟောင်းများကဲ့သို့ ရှေးကျသော မြို့ဟောင်းတစ်ခုဖြစ်ပြီး ဗိသနိုးမြို့ဟောင်း တည်ထောင်သည့်နှစ်ထက် နောက်မကျနိုင်ကြောင်း ခန့်မှန်းသိရှိရသည်။ ပျူခေတ်၏ သင်္ကေတ အမှတ်အသားဖြစ်သော လက်စင်းရာပါ အုတ်ချပ်များ၌ အုတ်မဖုတ်မီ အုတ်ချပ်ခဲများအတွင်း စပါးခွံနှင့်ကောက်ရိုးများ ထည့်သွင်းအသုံးပြုသည့် အထောက်အထားများကို တွေ့ရသည်။ ဗုဒ္ဓဆင်းတုတော်ထုလုပ်ကိုးကွယ်မှု အထောက်အထား မတွေ့ရသော်လည်း ဘာသာရေးအတွက် အသုံးပြုဖွယ်ရှိသော အရွယ်စုံ မြေဆီမီးခွက်များကို တွေ့ရှိရသဖြင့် မြေအိုးပြုလုပ်သည့် အတတ်ပညာရှင်များသည် ပါးလွှာသောအိုးများကို ဖုတ်လေ့ရှိပြီး အခြယ်အလှယ်ကင်းသော အိုးများ၊ လေးထောင့်ကွက်ပုံစံ ဆေးခြယ်ထားသော အိုးများ၊ တုတ်ဖြင့်ရေးခြစ် ဒီဇိုင်းဖော်ထားသော အိုးများနှင့် ပေါင်းခံအိုးများကို ပြုလုပ်ခြင်း စသည့် အတတ်ပညာများ တတ်မြောက်နေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဆလင်ဒါပုံ မြေခွက်ငယ်များ အမြောက်အမြားတွေ့ရှိမှုအရ ဝတီးမြို့ဟောင်းတည်ထောင်ခဲ့သည့် ကာလမှာ ကြေးခေတ်ကုန်ဆုံးပြီးနောက် ပျူခေတ်စောစောပိုင်း ကာလခန့်ကတည်းက တည်ရှိခဲ့သည့် အထောက်အထားများပင်ဖြစ်သည်။

ထို့အပြင် တူးဖော်တွေ့ရှိရသော အဆောက်အအုံကြီး၏ အပေါ်ပိုင်းမှာ သစ်သား အဆောက်အအုံဖြစ်ပြီး တံခါးဝင်ပေါက်နေရာများတွင်လည်း သစ်သားတံခါးရွက်နှင့် သစ်သားတံခါးတိုင်များ အသုံးပြုဖွယ်ရှိကြောင်း မှန်းဆရသည်။ သစ်သားတံခါးတိုင်း၏အောက်ခြေ၌အုတ်ကို ဖောက်ထွင်း၍ တိုင်အောက်ခံအုတ်ခွက်များကို အသုံးပြုထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ဆက်လက်၍ ပျူခေတ်နှင့် ကြေးခေတ်ယဉ်ကျေးမှုများကို တူးဖော်သုတေသနပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်း တူးဖော်မှုသုတေသနအဖွဲ့က တူးဖော်ရရှိသည့် ပစ္စည်းများကို တွေ့ရစဉ်။** (သတင်းစဉ်)







## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၂-၂၀၀၈ (အင်္ဂါနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ဆရာတော် ဘဒ္ဒန္တဝေပုလ္လဓောတိ ဟောကြားတော်မူသောတရားတော်" |
| ၇း၅၅ - ၁း၅၅ | 'အင်း' ငွေပန်းထိမ်ရဲ့အငွေ့အသက် |
| ၈း၁၅ - ၂း၁၅ | Sunday Talk |
| ၈း၅၀ - ၂း၅၀ | မန္တလေးမြို့ နှစ်(၁၅၀)ပြည့် အကြိုလှုပ်ရှားမှု |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | ခနရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ |
| ၉း၃၅ - ၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ - ၃း၄၀ | ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | P.C လုံခြုံရေး |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ - ၄း၃၀ | Diploma Guide (Business Administration Diploma အကြောင်းသိကောင်းစရာ) |
| ၁၀း၄၅ - ၄း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅ - ၄း၅၅ | စားချင်စဖွယ်နည်းအသွယ်သွယ် (သိုးသားခါးပတ်နှင့် သိုးလက်ပြင်သားကင်) |
| ၁၁း၁၀ - ၅း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ - ၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | လေ့လာဆည်းပူးသင်ယူချင်စရာ R.V Centre မှာ (အပိုင်း-၁) |
| ၁၁း၄၅ - ၅း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ - ၅း၅၀ | Yangon Panorama (ကမ္ဘာ့အေးဂမုန်းပွင့် Shopping Mall ဖွင့်ပွဲ) |
| ၁၂း၀၀ - ၆း၀၀ | ဆီးချိုသွေးချိုရောဂါဆိုင်ရာလွဲမှားချက်များ(အပိုင်း-၁) (ပါမောက္ခဒေါက်တာတင့်ဆွေလတ်) |
| ၁၂း၂၅ - ၆း၂၅ | Music Gallery (အိန်အိန်း-မင်းဘာလုပ်မှာလဲ) |
| ၁၂း၄၅ - ၆း၄၅ | သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်" |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၃၀ | Hull City - Aston Villa | ESPN (Live) |

အတည်ပြုဖောင် ၂း၄၀



၄-၂-၂၀၀၈ ရက်က ဖွင့်လှစ်ခဲ့သော နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်၏ ညမြင်ကွင်းအလှကို တွေ့ရစဉ်။

| စဉ် | အမည် | တည်နေရာဒေသ | ဖွင့်လှစ်သည့်နေ့ |
|---|---|---|---|
| ၁ | အထက်တန်းကျောင်းဆောင်သစ် | ရခိုင်ပြည်နယ်၊ရသေ့တောင် | ၂-၁-၂၀၀၈ |
| ၂ | အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ၁၆-၁-၂၀၀၈ |
| ၃ | ကလေးနည်းပညာတက္ကသိုလ်သုံးထပ်ဆောင် | စစ်ကိုင်းတိုင်း၊ကလေး | ၄-၂-၂၀၀၈ |
| ၄ | မြိတ်တက္ကသိုလ်ပင်မဆောင် | တနင်္သာရီတိုင်း၊မြိတ် | ၃-၃-၂၀၀၈ |
| ၅ | အခြေခံပညာအထက်တန်း နှစ်ထပ်ကျောင်းဆောင်သစ် | မန္တလေးတိုင်း၊ ချမ်းအေးသာစံ | ၂၉-၃-၂၀၀၈ |
| ၆ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊တောင်ဥက္ကလာပ | ၂၇-၆-၂၀၀၈ |
| ၇ | အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပ | ၂၇-၆-၂၀၀၈ |
| ၈ | မူလတန်းလွန်ကျောင်း | ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ၁-၈-၂၀၀၈ |
| ၉ | အထက်တန်းကျောင်းဆောင်သစ် | ပဲခူးတိုင်း၊ဖြူး | ၈-၈-၂၀၀၈ |
| ၁၀ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၃-၉-၂၀၀၈ |
| ၁၁ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊လှိုင်သာယာ | ၆-၉-၂၀၀၈ |
| ၁၂ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊သာကေတ | ၁၁-၉-၂၀၀၈ |
| ၁၃ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊ကျောက်တန်း | ၁၆-၉-၂၀၀၈ |
| ၁၄ | အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊သန်လျင် | ၁၆-၉-၂၀၀၈ |
| ၁၅ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ရခိုင်ပြည်နယ်၊စစ်တွေ | ၂၈-၉-၂၀၀၈ |
| ၁၆ | သူရဲသမိန်အခြေခံပညာအလယ်တန်းကျောင်း | ပဲခူးတိုင်း၊ဝေါ | ၄-၁၀-၂၀၀၈ |
| ၁၇ | အခြေခံပညာမူလတန်းကျောင်းဆောင်သစ် | ဧရာဝတီတိုင်း၊ဘိုကလေး | ၂၃-၁၁-၂၀၀၈ |
| ၁၈ | မူလတန်းလွန်နှစ်ထပ်ကျောင်းဆောင်သစ် | ရန်ကုန်တိုင်း၊သဃ်န်းကျွန်း | ၁၂-၁၂-၂၀၀၈ |

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

# ၂၀၀၈ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း



မြိတ်တက္ကသိုလ်
ပင်မလေးထပ်ဆောင်

၃-၃-၂၀၀၈ ရက် က ဖွင့်လှစ်ခဲ့သော တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ပဲခူးတိုင်း တောင်ငူမြို့တွင် တည်ဆောက်ထားသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (တောင်ငူ)ကို တွေ့ရစဉ်။



# လွတ်လပ်တဲ့ မြန်မာပြည်

☆ ဒို့နိုင်ငံ ဒို့အရေး
ဒို့ဆွေးနွေး ဒို့တိုင်ပင်။
ညီလာခံသဘင်ကျင်း
ထင်လင်း အောင်မြင်။
တိုင်းရင်းသား စုံလင်
ပါဝင်လို့ လက်တွဲ။
ရှေ့လမ်းစဉ် ခုနစ်ရပ်ကိုဖြင့်
မှန်မြတ်ရင်ထဲ။

☆ ပြောသလို တကယ်လုပ်ပါလို့
လုပ်သလို အမှန်ပြောပါတဲ့
မြင့်မြတ်သော တပ်မတော်။
ပြည်သူ့အတွက် ထာဝရ
လမ်းပြ ဆောင်ဖော်။
လက်တွဲကြိုးဆပါလို့
အခက်အခဲမှန်သမျှ ဖြတ်ကျော်
နိုင်ငံတော် အမွန့်ရှည်ရေး။
ဖွဲ့စည်းပုံ မသွေမှန်လို့
အခြေခံ ဥပဒေသစ်
အစစ်အမှန်ပေါ်ပေါက်ရေး
ဝိုင်းဝန်းဆွေးနွေး။

☆ ညီညွတ်မှု အသီးအပွင့်ကြောင့်
ခရီးအဆင့်ဆင့် အောင်ခဲ့သည်။
အခြေခံဥပဒေသစ်
ဖြစ်ပေါ်ခဲ့ပြီ။
လွတ်လပ်တဲ့ မြန်မာပြည်
ကမ္ဘာတည်သရွေ့ ခိုင်မြဲဖို့။
ညီနောင်တွေ တစ်သက်မခွဲပါဘဲ
လက်တွဲကာ အောင်စည်ရွှမ်းပါလို့
နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်အစွမ်းရယ်နဲ့
ကြိုးပမ်းကာ ရွှေပြည်သစ်ကို
ဖွင့်လှစ်စို့လေး။ ။

( ၆၁ )နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် -

**ထီလာစိုးမိုးနိုင်**



(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်

# တရားမျှတ လွတ်လပ်ခြင်း

အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝ ကျရောက်ခဲ့တဲ့ ကာလဟာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပါတယ်။ ရခိုင်နဲ့ တနင်္သာရီဟာ ၁၈၂၅ ခုနှစ်မှာ လည်းကောင်း၊ တောင်ငူမှ အောက်မြန်မာနိုင်ငံ အောက်ပိုင်းဟာ ၁၈၅၂ ခုနှစ်မှာ လည်းကောင်း၊ မန္တလေးရတနာပုံနေပြည်တော်အပါအဝင် အထက်မြန်မာနိုင်ငံဟာ ၁၈၈၅ ခုနှစ်မှာ လည်းကောင်း ဗြိတိသျှနယ်ချဲ့တို့ရဲ့ ကျူးကျော်သိမ်းပိုက် ကျွန်ပြုခြင်း ခံခဲ့ရပါတယ်။

ဤစာရေးသူဟာ ဒီကနေ့ အသက် ၇၈ နှစ်ထဲမှာဆိုတော့ ကျွန်ဘဝမှာ ၁၇ နှစ်သားလောက်အထိနေခဲ့ရပါတယ်။ စာရေးသူရဲ့ မိဘနဲ့ဘိုးဘွားတွေဟာ ကျွန်သက်ရှည်ခဲ့ကြရပါတယ်။ နယ်ချဲ့တယ်ဆိုကတည်းက ဒီနိုင်ငံရဲ့ မြေသယံဇာတတွေ၊ ရေသယံဇာတတွေ၊ ကောက်ပဲသီးနှံတွေ၊ ဆန်စပါးတွေ၊ ကျွန်းသစ်တွေ၊ ရေနံတွေ၊ အဖိုးတန်ကျောက်မျက်ရတနာတွေကို သယ်ထုတ်ပြီး သူတို့ချမ်းသာကြွယ်ဝဖို့ဆိုတာ အလွန်ရှင်းပါတယ်။

ဒါကြောင့်လည်း ဘုံဘေဘားမားလို မျက်နှာဖြူကုမ္ပဏီက ကျွန်းသစ်တွေ၊ ပျဉ်းကတိုးလို အဖိုးတန်သစ်တွေ စိတ်ကြိုက်ထုတ်ယူကြတာ ကျွန်တော်တို့ လက်ပိုက်ကြည့်နေခဲ့ကြရတာပါ။ ဘားမားကော်ပိုရေးရှင်းလို မျက်နှာဖြူ ဓာတ်သတ္တုလုပ်ငန်းတွေက မြန်မာ့မြေအောက်က ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခဲ စတာတွေ စိတ်တိုင်းကျ ထုတ်ယူကြတာတွေကိုလည်း မြန်မာတွေ မချိတင်ကဲ လှမ်းကြည့်နေလိုက်ကြရတာပါပဲ။ ဘီအိုစီဟာလည်း မြန်မာ့မြေအောက်က ရေနံတွေ အတောမသတ် ထုတ်ယူသွားတဲ့ မျက်နှာဖြူကုမ္ပဏီပါ။

မြန်မာမျိုးချစ်တွေကလည်း နယ်ချဲ့သမားက မြန်မာတို့ရဲ့ ကုပ်သွေး (ဂုတ်သွေး) စုပ်နေတာကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ စာရေးသူတို့ ငယ်ငယ်ကတည်းက ပတ်ဝန်းကျင်မှာ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံးဝင်တွေက တက်ကြွ လှုပ်ရှားနေကြလို့ နယ်ချဲ့သမားလက် ကျရောက်နေတဲ့ မြန်မာနိုင်ငံကို လွတ်လပ်အောင် လုပ်နေကြတယ်။ ဆက်လက်ပြီး လုပ်ကြရမယ်ဆိုတဲ့ အသိက ဝင်နေပါပြီ။ **မျိုးချစ်စာဆိုတို့ရဲ့ ကဗျာတေးတွေကလည်း စာရေးသူတို့လို မြန်မာလေးတွေရဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်တွေ ပျိုးထောင်ပေးနေခဲ့ကြပါတယ်။ တို့ဗမာ အစည်းအရုံးက သခင်ဘွဲ့ခံ မျိုးချစ်ကြီးတွေရဲ့ ဟောပြောသံတွေ၊ လွတ်လပ်ရေးကြိုးပမ်းမှု ဂီတသံတွေဟာ စာရေးသူတို့ ငယ်ရွယ်သူတွေအတွက် မျိုးချစ်စိတ်ဓာတ် နိုးကြားစေတဲ့ ပတ်ဝန်းကျင် ဖြစ်ခဲ့ပါတယ်။ ဟောပြောတာတွေ ကြားရသမျှ၊ စာတွေဖတ်ရသမျှကို အရင်းခံပြီး နယ်ချဲ့သမားများက မြန်မာပြည်သူတွေကို ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းပြီး မြန်မာတို့ရဲ့ ဥစ္စာပစ္စည်းတွေ လုယက်ယူငင်နေကြတဲ့ သရုပ်သကန်ကို မြင်နိုင်၊ သိနိုင်ခဲ့ကြပါတယ်။**

မြန်မာဘုရင်ကို ဖမ်းဆီးပြီး ပြည်ပအကျဉ်းစခန်း (အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ ရတနာဂီရိ)ကိုပို့တဲ့ ကိစ္စကို ရာဖြတ်မင်းသားကြီး ဦးမောင်လေးရေးသားပြီး ရုပ်သေးမင်းသမီး(မဒီ)ရုပ် ကိုင်

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခန်းမကြီး၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးဝန်ထမ်းများနှင့် မှီခိုသူ အမျိုးသမီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် နေပြည်တော် ခရိုင်နှင့်မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများထံ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၏ဇနီး ဒေါ်နွဲ့နွဲ့နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၏ဇနီး ဒေါ်စန်းစန်းလွင်တို့က ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အမျိုးသမီးဝန်ထမ်းများနှင့် မှီခိုသူ အမျိုးသမီးများ၏ အဖွဲ့ဝင်အဆိုပြုလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းထံ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းအေးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၏ဇနီး ဒေါ်မာလာဝင်းတို့က ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေးဟောပြောပွဲတွင် ဆွေးနွေးဟောပြောမည့် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ဒေါ်စန္ဒာခင်၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ဒေါ်စန္ဒာခင်က "ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းဖြင့် ဂုဏ်ယူပါ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၏ဇနီး ဒေါ်နွဲ့နွဲ့က ပြန်ကြားရေးဝန်ကြီးဌာနမှ ဂုဏ်ပြုလက်ဆောင်ကို ဒေါ်စန္ဒာခင်ထံ ပေးအပ်ပြီး ဟောပြောပွဲနှင့် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)






## ဆွေးနွေးပြောကြား

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေး ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၀-၁၂-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၂၅ | ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၀၀ | ၇။ မျိုးချစ်တပ်မတော် |
| ၅း၂၀ | ၈။ မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၅၀ | ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၅ | ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ |
| ၇း၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၃၇)** |
| ၈း၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ မိုးလေဝသသတင်း |
| | ၁၉။ အမျိုးသားရေး တေးကဗျာ |
| | ၂၀။ မွေးမြူသုတ |
| | ၂၁။ ဗွီစီဒီကျော်ကြားတေးများ |
| | ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှလုံးသားအလှသစ္စာတရား (အပိုင်း-၁၀)** |
| | ၂၄။ သင့်အတွက်မနက်ဖြန် |
| | ၂၅။ အပိတ်နှုတ်ဆက်စကား |
| | ၂၆။ ပြီးပါပြီ။ |

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၃၉လမ်း ထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ GSM ဖုန်းအချင်းချင်း အသုံးဖြင့် Message ပို့နိုင်ပြီ၊ ရန်ကုန်တိုင်းအတွင်း မီးလောင်မှုဖြစ်ပွားပါက အမြန်မီးငြိမ်းသတ်နိုင်စေရန် ဇုန် ခုနစ်ခုခွဲ၍ ဆောင်ရွက်နေ၊ ၂၀၀၉ခုနှစ်၏ ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလတွင် နေကြတ်မည်၊ နိုင်ငံတကာ ဆန်စျေးကွက်သစ်များ ရှာဖွေထိုးဖောက်ရန် ဆောင်ရွက်မည်၊ အကယ်ဒမီ ထွန်းထွန်းနိုင်၏ နောက်ဆုံးခရီးမြင်ကွင်းအပြည့်အစုံ၊ ၂၀၀၈ခုနှစ်၏ အထူးခြားဆုံးဓာတ်ပုံသတင်း ဒိုင်ယာရီ၊ ကမ္ဘာ့ပထမဆုံး စက်ရုပ်နှင့် လူသား ပါဝင်သောပြဇာတ် စတင်ကပြ၊ ဘိုးရင်းလေယာဉ်ကြီး မီးလောင်ပြီး နှစ်ပိုင်းကွဲသွားသော်လည်း ခရီးသည် ၁၁၅ဦးစလုံး အသက်မသေ၊ ရေသူမအဖြစ် အသက်မွေးသူလေး၊ ကင်းမြီးကောက်ဘုရင်မက ကင်းမြီးကောက်အကောင် ငါးထောင်နှင့်အတူ ၃၃ရက်နေပြပြီး ကမ္ဘာ့စံချိန်သစ်တင်ရန် ကြိုးပမ်း၊ အာရှမယ်ဘွဲ့ရခဲ့သူလေး ၁၂ထပ်တိုက်ပေါ်မှ ခုန်ချ၍ အဆုံးစီရင်သွားခဲ့၊ ကိုးနှစ်အရွယ်ကလေးငယ်လေး ဦးခေါင်းတစ်ခုလုံးနီးပါး ပြတ်သွားသော်လည်း အသက်မသေ၊ လာမည့်နှစ်တွင် ဒေါ်လာနှစ်သိန်းခန့်ဖြင့် မိုးပျံကားများ ဝယ်ယူနိုင်မည်၊ နှစ် ၃၀အတွင်း ဆူနာမီတစ်ကျော့ ပြန်ဖြစ်နိုင်ဖွယ်ရှိဟုဆို၊ လှိုင်းများနှင့်အတူ ကခုန်နိုင်မည့် ပင့်ကူ သင်္ဘောကြီး၊ တရုတ်က ခေတ်အမီဆုံးနှင့် အဆန်းပြားဆုံး စစ်သင်္ဘောသုံးစင်းကို ဆိုမာလီသို့စေလွှတ်၊ အိန္ဒိယနယ်စပ်တွင် ပါကစ္စတန်က တပ်ဖွဲ့ဝင်ပေါင်း နှစ်သောင်းကျော်ချထားပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး အလွန်တင်းမာနေ၊ လူသား၏ ရိုးတွင်းခြင်ဆီကို စတင်ဖန်တီးနိုင်ပြီ၊ ဂျာမန်ရေတပ်သင်္ဘောက အီဂျစ်သင်္ဘောကို ပင်လယ်ဓားပြများလက်မှ ကယ်တင်ခဲ့. . . စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပို စာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စမ်းချောင်း အထက(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

စမ်းချောင်း အထက(၁)တွင် ၁၉၆၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက် နံနက် ၉ နာရီတွင် စမ်းချောင်း အထက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၁၉၆၅-၁၉၈၀ပြည့်နှစ် ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန်နှင့် ၁၉၆၅ခုနှစ် မတိုင်မီနှင့် ၁၉၈၀ပြည့်နှစ်လွန် ကျောင်းသားဟောင်းများလည်း မိမိတို့မိခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြသည်။ အလှူငွေနှင့် ကန်တော့လိုသည့် ပစ္စည်း လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင်(အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း-၅၆၄၈၀၂၊ ၀၉၈၀-၂၂၀၇၅၊ ဦးမင်းအောင်(မင်းသီဟဆောက်လုပ်ရေးနှင့် အိမ်အလှဆင်လုပ်ငန်း) ဖုန်း-၀၉၅၁-၂၅၄၆၂၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၆၈၀၈၉၈နှင့် ဒေါ်မြင့်မြင့်စိန် (စည်ပင်) ဖုန်း-၅၁၁၈၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ ဆက်လက်ခင်းကျင်းပြသ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို တတိယမြောက်နေ့အဖြစ် နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ဆက်လက် ခင်းကျင်းပြသသည်။

ပြပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ထို့အတူ ဝန်ကြီးဌာနအရောင်းပြခန်းများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် စက်မှုဇုန်အသီးသီးတို့မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကိုလည်း ပြသထားရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(MHA)က ကြီးမှူး၍ Silver View Resort (Ngwe Saung Beach) ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနဟိုတယ်(ရွှေဂုံတိုင်)၌ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က ပင်လယ်ပြာစီးပွားရေးမဟာဗျူဟာ(Blue Ocean Strategy) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဟောပြောပွဲများကို လစဉ်ပထမပတ် ကြာသပတေးနေ့တိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဦးကျော်ဝင်းသည် ဒီဇင်ဘာ ၂၅ရက် နံနက် ၈နာရီခွဲတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးသိန်းမြင့်၊ ဦးချစ်စိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၃)၌ ၁၃၁ကိုက်အကွာမှ Reygrande No (1) ဘောလုံးကို Wilsom Sand Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဥတုရာသီ တောကိုမှီ၏

# ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(မြောင်းတကာ)တွင် ကြည့်ရှုစစ်ဆေး



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(မြောင်းတကာ)လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

**ရန်ကုန် ဒီဇင်ဘာ ၂၉**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ) လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်း ဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးအောင်မြင့်က လက်ရှိတည်ဆောက်လျက်ရှိသော စီမံကိန်းလုပ်ငန်း အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ယခု အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းအား သတ်မှတ်ကာလအတိုင်း အချိန်မီ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်အရည်အသွေး ပြည့်မီစေရေးအတွက် အဆောက်အအုံပိုင်းရော၊ စက်တပ်ဆင်မှုအပိုင်းများကိုပါ Technically စေ့စပ်သေချာစွာ အဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်သွားရန်နှင့် ငွေကြေးသုံးစွဲမှုအပိုင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန် မှာကြားပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို အသေးစိတ်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းဝင်းအတွင်းရှိ တည်ဆောက်လျက်ရှိသော Crushing and Screening Unit, Clarified Water Basin, Sub-Station များ၊ Cooling Tower, Ammonia Compressor House နှင့် Cylinder Filling Unit အဆောက်အအုံများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညွှန်ကြားပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၉

**ယနေ့နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့နှင့်ဟားခါးမြို့တို့တွင် သုညဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် အမ်းမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဒီဇင်ဘာ ၃၀ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့** နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၆ဒီဂရီစင်တီဂရိတ်(၉၁ ဒီဂရီဖာရင်ဟိုက်) ၂၈-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၅ဒသမ ၄ဒီဂရီစင်တီဂရိတ်(၆၀ ဒီဂရီဖာရင်ဟိုက်) ၂၉-၁၂-၂၀၀၈

၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၄ရာခိုင်နှုန်း ၂၉-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း ၉ဒသမ ၆နာရီခန့် ၂၈-၁၂-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၉-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၁၂-၂၀၀၈ရက် ၁၅း၃၀နာရီတွင် အနောက်မြောက်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

## မုံရွာမြို့အထက(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားပို့ချခဲ့သည့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ်ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးဝင်းဖေ (အထက-၂၊ ကျောင်းအုပ်ကြီး၊ မုံရွာမြို့) ဖုန်း-၀၇၁-၂၁၁၄၀၊ ဦးကျော်ဌေး(မင်းမဟော်ထီဆိုင်) ဖုန်း ၀၇၁-၂၁၆၅၅၊ ၀၉၂၁ ၃၂၅၆၆၊ ဦးနီ (သဇင်မိတ္တူ) ဖုန်း ၀၇၁-၂၂၇၆၁၊ ဦးဉာဏ်အောင်(ပရိဘောဂ၊ သာစည်လမ်း) ဖုန်း ၀၉၂၀-၃၃၂၄၀၊ ဒေါက်တာဉာဏ်လင်း (သွားဆရာဝန်) ဖုန်း ၀၇၁-၂၂၀၃၁၊ ဦးမြင့်ဝင်း (ငါးမန်းတိုက်) ဖုန်း ၀၇၁-၂၂၁၃၆ နှင့် ဦးနိုင်ဇော်မျိုး (ကျော်ညီနောင်) ဖုန်း ၀၇၁-၂၂၅၆၉၊ ၀၉၂၁ ၃၀၁၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အေလာမြို့၌ စာပေဟောပြောပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၇ရက် ည ၇နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့လယ်ရှိ လွတ်လပ်ရေးကျောက်တိုင် ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် လယ်ဝေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်က စာပေဟောပြောပွဲတွင် ဟောပြောကြမည့် စာရေးဆရာကြီးများနှင့် ပရိသတ်အား မိတ်ဆက်ပေးသည်။

ထို့နောက် စာရေးဆရာကြီးများဖြစ်ကြသော နေဝင်းမြင့်(အမျိုးသားစာပေဆုရ)က မင်္ဂလာရှိသောလူ၊ ညွန့်ဟံ(ကျူတော)က ကျေးလက်ရနံ့၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) (အမျိုးသားစာပေဆုရ)က သုတရသစာပေအကြောင်း ခေါင်းစဉ်တို့ဖြင့် အသီးသီးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချီ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

"သတင်းစာ၌ အမွေပြတ်စွန့်လွှတ်ခြင်းကြောင့် အမွေဆုံးရှုံးပါသလား" သတင်းဆောင်းပါး ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ (၂) အမှတ်စဉ် (၅၈) ကို ယနေ့ ထုတ်ဝေဖြန့်ချီလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံသမိုင်း ဗီဒီယိုဇာတ်ကား မကြာမီဖြန့်ချိမည်၊ ယာယီသက်တမ်းလွန်ကားများ ထိရောက်စွာအရေးယူမည်၊ မြန်မာနိုင်ငံတွင်ကြိုးမဲ့အင်တာနက်စနစ် သုံးစွဲတော့မည်၊ MCC နှင့် ရုရှားမှ Multi Net Group တို့ ပူးပေါင်းဆောင်ရွက်မည်၊ ထိုင်းနိုင်ငံတွင်ငွေစက္ကူအတုများ ပေါ်ထွက်နေဟုသိရ၊ ကမ္ဘာကို ကိုင်လှုပ်သွားခဲ့သည့် ၂၀၀၈ ဖြစ်ရပ်သတင်းများ၊ တရုတ်-မြန်မာနယ်စပ်တွင် ၄ ဒသမ ၉ အင်အားရှိငလျင်လှုပ်၊ လှိုင်သာယာစက်မှုဇုန်တွင် ဝဥအမှုန့်ကြိတ်စက်ရုံ မီးလောင်၊ ဒေါက်တာ မြသိန်းဟန်၏ အထူးကျန်းမာရေးဆေးစစ်ခြင်း၊ ဒေါက်တာဦးစိုးလွင်၏ ဘဝထဲတကယ်ရောက်ပါမှ၊ ဗီယက်နမ်-မြန်မာကုန်သွယ်မှု တိုးတက်လာ၊ ကော့သောင်းနယ်စပ်မှ ငါးမျိုးစုံနှင့် ကင်းမွန် နိုဝင်ဘာ၌ ဒေါ်လာတစ်သန်းဖိုးတင်ပို့နိုင်ခဲ့၊ မြဝတီနယ်စပ်မှ ဝက်မျိုးကောင်းမျိုးသန့်များ တင်သွင်းရန် စီစဉ်ဆောင်ရွက်နေ၊ ကျောက်မျက်ရတနာလုပ်ကွက်များ ပိုမိုချပေးမည်၊ စတိုးဆိုင်ဈေးဆိုင်များတွင် ဈေးဝယ်ဟန်ဆောင်၍ ခိုးယူနေမှု ၂၅မှုဖမ်းဆီးရမိ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းနိုင်ကွယ်လွန်၊ မြောက်ကိုရီးယားက တောင်ကိုရီးယားအား နောက်ထပ်စစ်ပွဲ တစ်ခုဖြစ်ပွားရန်စတင်ကြောင်း မီးတောက်မီးလျှံပင်လယ်ဖြစ်သွားစေမည်ဟုခြိမ်းခြောက်၊ တရုတ်နိုင်ငံက ဂျပန်နိုင်ငံအား တိုက်ခိုက်လာလျှင် နျူကလီးယားလက်နက်သုံး၍ တိုက်ခိုက်ရန် အမေရိကန်အား ဂျပန်ခေါင်းဆောင်ဟောင်းက တောင်းဆိုခဲ့၊ ပါကစ္စတန်စစ်အင်အား နှစ်သောင်းကျော် အိန္ဒိယနယ်စပ်တွင်ချထားပြီ စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အားအပတ်စဉ် အင်္ဂါနေ့တိုင်းထုတ်ဝေ ဖြန့်ချိလျက်ရှိသည်ဟု သိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃၀-၁၂-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ အကပြိုင်ပွဲ
- ၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၂၀ ၈။ "ဟွန်းသံ"(ရောနှင့်အဖွဲ့)
- ၈း၃၀ ၉။ International News.
- ၈း၄၀ ၁၀။ တေးဂီတအစီအစဉ်
- ၈း၅၀ ၁၁။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၅ ၄။ "စိုက်ပါ၊ ပျိုးပါ၊ မြန်မာ့မြေလွှာ ဝင်ငွေလည်းရဝမ်းလည်းဝ"
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၂၀ ၈။ **"စီးဆင်းပါစေမေတ္တာရည်" (မေကဗျာ၊ ဖူးဖူး)(ဒါရိုက်တာ-ခင်ဇော်(ကုမုဒြာ)**
- ၅း၃၅ ၉။ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စူပါမင်းနှင့်မာနရှင်" (အပိုင်း-၂၀)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "ပြည်သူ့အားမာန်ဆည်တာတမံ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသားပိုင်ရှင်" (အပိုင်း-၁၄)**
- ၂၀။ အစီအစဉ်ပြီး၏။

## တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ယခင်ရှမ်းလမ်း)ရှိ အသင်းဓမ္မာရုံ၌ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ တိုက်ကြီး မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အစည်းအဝေးတွင် အသက်(၈၀)နှင့် အထက် အဘိုး အဘွားတို့အား ပူဇော်ကန်တော့ပွဲ၊ ဂုဏ်ထူး ဘွဲ့ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းသူ၊ အသင်းသားများ၏ သားသမီးများနှင့် တိုက်ကြီးမြို့နယ်ဖွားမိဘများ(အသင်းဝင်ဖြစ်စေ၊ အသင်းဝင်မဟုတ်သည်ဖြစ်စေ)၏ သားသမီးများထဲမှ ခြောက်ဘာသာဂုဏ်ထူးရ မည်သည့်ကျောင်းသူ၊ ကျောင်းသားမဆို ပညာရည်ဆု ချီးမြှင့်မည်ဖြစ်၍ ဦးသိန်းအောင်(ဥက္ကဋ္ဌ) ဖုန်း-၅၂၆၁၆၄၊ ဦးထွန်းအောင် (ဒု-ဥက္ကဋ္ဌ)ဖုန်း-၅၃၅၀၂၉၊ ဦးတင်ငွေ(ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၂၁၇၄၅တို့သို့ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## မီးဘေးရှောင် မလောင်ခင်တား

အတည်ပြုဖောင် ၂း၄၀

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကျိုက်ထိုမြို့နယ် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၉

**မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၅ရက် နံနက် ၈နာရီခွဲတွင် ကျိုက်ထိုမြို့ရှိ သုဝဏ္ဏဘူမိတောင်တန်းသာဟိုတယ်နှင့် အပန်းဖြေစခန်း၌ ခရီးသွားဧည့်သည်များ တည်းခိုစားသောက် အပန်းဖြေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဟိုတယ်သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တပ်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ဘုရားလမ်း)သုတေသနနှင့် မျိုးပွားခြံမှထွက်ရှိသည့် ဆီအုန်းခိုင်နမူနာများနှင့် မလေးရှားအုန်းဝါပု အသီးခိုင်နမူနာများကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ဇီးကုန်း-ဆင်တွင်းလမ်းအပိုင်းရှိ ကဒတ်ချောင်းတံတား တည်ဆောက်နေမှုနှင့် Pile ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြာပန်း-ဝင်းကံလမ်းအပိုင်း မိုင်တိုင်အမှတ်(၈၅)မိုင်ရှိ ဆောင်နိုင်ကြီးချောင်းတံတား တည်ဆောက်နေမှု၊ မုတ္တမ-သဲအိမ်-ကြာပန်း-ဝင်းကံလမ်းအပိုင်း မိုင်တိုင် ၉၁/၂ မိုင်နှင့် ၉၁/၃ မိုင်ကြားရှိ ဆင်တွင်းချောင်း(ခဝါချောင်း)တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် သိမ်ဇရပ်စံပြကျေးရွာရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အမှတ်(၁) စစ်တောင်းစက္ကူစက်သို့ ရောက်ရှိပြီး ဓာတုဗေဒစက်ရုံ ကုန်ထုတ်ဌာန၊ အချောကိုင်ဌာနနှင့် ဗလာစာအုပ်ချုပ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး သိမ်ဇရပ် စံပြကျေးရွာရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အမှတ်(၁) စစ်တောင်းစက္ကူစက်တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ကေ ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

ကြေးမုံ The Mirror

❑ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း စာမျက်နှာ(၇)

❑ ထီလာစိုးမိုးနိုင်၏ “လွတ်လပ်တဲ့ မြန်မာပြည်” (ကဗျာ) စာမျက်နှာ(၈)

❑ “နိုင်ငံစီးပွားရေးကို အရှိန်အဟုန်နဲ့မြှင့်တင်နိုင်မယ့် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊ တံတား၊ ဆည်တမံ၊ ကျောင်း၊ တက္ကသိုလ်၊ဆေးရုံ၊စက်ရုံ၊လျှပ်စစ်ဓာတ်အားပေးစက်ရုံ စတာတွေ ပြည်ထောင်စုတစ်ဝန်းမှာ တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းတိုးတက်ဖွံ့ဖြိုးလာနိုင်တာဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားကြလို့ ဖြစ်ပါတယ်”

ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၏ “တရားမျှတလွတ်လပ်ခြင်းနဲ့မသေ့ ဒို့ပြည် ဒို့မြေ”

(ဆောင်းပါး) စာမျက်နှာ(၈/၉)